# “မဲခေါင်မြစ်ပထမဂိတ်”သည် “သာယာဂိတ်”ဖြစ်လာသည်

“ ‘မဲခေါင်မြစ်ပထမဂိတ်’ ဟာ ကျွန်တော်တို့ သင်္ဘောပြေးတဲ့လူတွေရဲ့ ‘သာယာဂိတ်’ဖြစ်တယ်။” ယခု ရက်ပိုင်း ဟန့်ချွန်ကမ်းတွင် သင်္ဘော(၁၆)နှစ်ကြာ ပြေးဆွဲမှုရှိသော “ကျုံပြွေအမှတ်(၆)” သင်္ဘောမှူး ကျုံကျဲရမ်းက “ ‘မဲခေါင်မြစ်ပထမဂိတ်’စတင် တည်ထောင်ပြီးကတည်းက သင်္ဘောပြေးရတာ ပိုမိုလုံခြုံသွားတယ်၊ မဲခေါင်မြစ်ဟာတကယ့် ရွှေမြစ်၊ သာယာမြစ်ဖြစ်လာပါပြီ။”ဟု ဝမ်းသာစွာ ပြောဆိုခဲ့သည်။

စစ်ဆောင်ပန်းနားတိုင်(ရှမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ကွမ်လိပ်ဆိပ်ကမ်း မြစ်ကြေ(၁၄)ကီလိုမီတာခန့်တွင် တည်ရှိသော ဟန့်ချွန်ကမ်းရဲတပ်စခန်း၏ အောက်ဖက် (၃)ကီလိုမီတာ နေရာသည် တရုတ်-လာအို-မြန်မာ သုံးနိုင်ငံဆက်စပ်ရာ နန်လှဟော်ခေါနှင့် အမှတ်(၂၄၄)မိုင်တိုင်ဖြစ်သည်။ လန်ချန်မြစ်က တရုတ်ကွမ်လိပ် ဆိပ်ကမ်းမှ မဲခေါင်မြစ် ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်သော နောက်ဆုံးဂိတ်ဖြစ်သည်။ အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများက မဲခေါင်မြစ် တစ်လျှောက်ဖြင့် တရုတ်နိုင်ငံသို့ ဝင်ရောက်သော ပထမဂိတ်လည်းဖြစ်သည်။ တည်နေရာအနေအထားခက်ထန်ပြီး ထူးခြားသောကြောင့် “မဲခေါင်မြစ်ပထမဂိတ်”ဟုအမည်ရသည်။

“မဲခေါင်မြစ်ပထမဂိတ်”သည် ယူနန်နယ်စပ်ဒေသ ကာကွယ်ရေးတပ်ဖွဲ့ချုပ် ရေပေါ်တပ်ဖွဲ့ခွဲ၏ မော်တော်ဘုတ်တပ်ဖွဲ့လတ်တစ်ခု၏ တာဝန်စောင့်ကြပ်သည့် နယ်ပယ်ဖြစ်သည်။ လန်ချန်မြစ်မဲခေါင်မြစ်ပြည်တွင်း ပြည်ပသင်္ဘောများ၏ စစ်ဆေးရေး၊ အန္တရာယ်တွေ့တိုင်ကြားရေး၊ အသက်ကယ်ဆယ်ရေးစသည့် တာဝန်များကိုအဓိကထမ်းဆောင်သည်။ ၂၀၁၂ ခုနှစ်ဇွန်လ စတင်တည်ထောင်သည့်ချိန်မှစပြီး တရားဥပဒေကျူးလွန်မှု၊ ကယ်ဆယ်ရေးတို့တွင် တက်ကြွသောသက်ရောက်မှုများလုပ်ဆောင်ပေးနိုင်သည်။

ဒီဇင်ဘာလ(၁)ရက်နေ့ တရုတ်နိုင်ငံကုန်တင်သင်္ဘောတစ်စင်းနှင့် လာအိုနိုင်ငံကုန်တင်သင်္ဘောသည် အချိန်မီရှောင်ရှားမှုမပြုနိုင်သောကြောင့် ထိတိုက်မှုဖြစ်ခဲ့ရာ ရေကြောင်းလမ်း ပိတ်ဆို့ခဲ့ရသည်။ တိုင်ကြား သတင်းရရှိပြီးနောက် “ပထမဂိတ်”သည် ရဲတပ်အင်အားကို ထိတက်မှု ဖြစ်ပွားရာနေရာသို့ ချက်ချင်းစေလွှတ်ကယ်ဆယ်ခဲ့သည်။ အချိန်(၁) နာရီကြာပြီးသော်လမ်းကြောင်းပြန်လည်သွားလာနိုင်ခဲ့သည်။

“ဒီနေရာဟာ ‘တကိုယ်ထီးထီး ရှိသောကျွန်း’ ဖြစ်နေတယ်။ မြစ်ရေစီးကြောင်း ကျဉ်းမြောင်းပြီး ကမ်းနှစ်ဖက်ဟာတောင်တွေ၊ သဘာဝသစ်တောတွေပဲရှိတယ်။ တစ်နှစ်ပတ်လုံး အပူချိန်မြင့်ပြီး ရောဂါတွေ ဖြစ်ပွားလွယ်တယ်။ အန္တရာယ်အဖြစ်ဆုံးဟာ မြန်ဆန်တဲ့ရေစီးကြောင်း၊ ကျောက်တန်းနဲ့ အကွေ့တွေဖြစ်တယ်။ မြစ်အကျဉ်းဆုံး နေရာဟာ (၁၄)မီတာပဲရှိတယ်။ ကုန်သင်္ဘောတွေဟာ (၇)မီတာလောက်ကျယ်တော့ ဂရုမစိုက်ဘူးဆိုရင် တော်တော်လေးအဖြစ်ဆိုးမှာပါ။”ဟု “မဲခေါင်မြစ်ပထမဂိတ်” ညွှန်ကြားရေးမှူးဖုန်ဖုန်းက မိတ်ဆက်ပြောဆိုသည်။

“ပုံမှန်စစ်ဆေးခြင်းနဲ့ ကယ်ဆယ်တိုင်ကြားခြင်းအပြင်ရုံးပိတ်ရက်နဲ့ သင်္ဘောသယ်ပို့ရေးများပြားတဲ့ကာလသို့ ရောက်ရင် ကျွန်တော်တို့က သွားလာတဲ့ကုန်သင်္ဘောတွေကို အသိပေးကြရတယ်။ လေးနိုင်ငံရဲတပ်ဖွဲ့ ဆက်သွယ်ရေးကတ် ပေးအပ်ပြီး မဲခေါင်မြစ်တစ်လျှောက် နိုင်ငံအသီးသီးရဲ့ရဲ ကူညီတိုင်ကြားရေး ဖုန်းနံပါတ်ကို ပြဌာန်းပြီး ‘ပထမဂိတ်’ကို ပြည်သူတွေအတွက်ဝန်ဆောင်ပေးတဲ့‘သာယာဂိတ်’ ဖြစ်စေလိုတယ်။”ဟု ဖုန်ဖုန်းက ပြောပြသည်။

သတင်းထောက် ရန်ရှီ။

## ယူနန်ရှောက်ထုံးတွင် ရှေးနှစ်ပေါင်း(၆)သန်းခန့်က အကြီးစားဖျံကျောက်ဖြစ်ရုပ်ကြွင်းအသစ်ကိုတွေ့ရှိ



တရုတ်၊ အမေရိကန်၊ ပြင်သစ် သုံးနိုင်ငံ သိပ္ပံနည်းပညာရှင်များ ယခုရက်ပိုင်းတွင် ရှောက်ထုံး ဆွေထန်ပေါ့ ရေကာတာအတွင်းတွင် ရှေးနှစ်ပေါင်း (၆)သန်းခန့်က အကြီးစား ဖျံကျောက်ဖြစ်ရုပ်ကြွင်း အသစ်ကို တွေ့ရှိခဲ့ပါသည်။ ယင်းသည် ယခုဥရောပ အာရှကုန်းတွင်းတွင် တွေ့ရှိသော ထုထည်အကြီးဆုံး၊ သိမ်းဆည်းမှု အပြည့်စုံဆုံးသော ဖျံကျောက်ဖြစ်ရုပ်ကြွင်းအနက် တစ်ခု ဖြစ်သည်။ “ခွေးတူဝက်ဝံလို ထိုင်းဖျံ”ဟု အမည်ပေးခဲ့သည်။ နိုင်ငံတကာနာမည်ကြီး ပညာရပ်ဆိုင်ရာ ဂျာနယ် မဂ္ဂဇင်း “ရှေးဇီဝပညာစနစ်” ဇန်နဝါရီလ (၂၃)ရက်နေ့တွင် အဆိုပါသုတေသန အောင်မြင်မှုကို ထုတ်ဖော်ခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်းကို ပြည့်စုံသောခေါင်းရိုး၊ အောက်မေးရိုးနှင့် ခေါင်းအနောက်ရိုးဖြင့် ဖွဲ့စည်းထားသည်။

တရုတ်သိပ္ပံသုတေသန အကယ်ဒမီရှေးကျောရိုးသတ္တဝါနှင့် ရှေးလူသုတေသနစခန်း သုတေသန ပညာရှင် ဝမ်ရှောင်မင်သည် CTပြန်လည်လုပ်ဆောင်ပြီးသည့် ဖျံခေါင်းရိုးနှင့် သွားသည် ခွေးတူဝက်ဝံနှင့်လည်းတူ ဖျံနှင့်လည်းတူပြီး ယင်းအုပ်စုကို ထိုင်းနိုင်ငံမြောက်ပိုင်း မဲမော်မြေချိုင်းဝှမ်းတွင် အစောဆုံး တွေ့ရှိခဲ့သောကြောင့် “ခွေးတူဝက်ဝံလို ထိုင်းဖျံ”ဟု အမည်ပေးခဲ့ကြောင်း မိတ်ဆက်ခဲ့သည်။ ယင်းအုပ်စုသည် အရှေ့အာရှဒေသတွင် မျိုးသုဉ်းခဲ့သော ရှေးဖျံအမျိုးအနွယ်ဖြစ်သည်။

မိတ်ဆက်ချက်အရ ယခင်က တွေ့ရှိသော ဖျံကျောက်ဖြစ်ရုပ်ကြွင်းသည် မှတ်တမ်းနည်းပါးပြီး ကျောက်ဖြစ်ရုပ်ကြွင်းများလည်း ကွဲကွဲပြားပြားဖြစ်နေသည်။ အများဆုံးမှာ ကွဲပြားနေသော သွားများသာရှိသည်။ ယခုအသစ် တွေ့ရှိသော ဖျံကျောက်ဖြစ်ရုပ်ကြွင်းသည် ပြည့်စုံသော ကျောက်ဖြစ်ရုပ်ကြွင်းဟု ဆိုနိုင်ပါသည်။ ထိုင်းနိုင်ငံ၏ အမျိုးတူ ကျောက်ဖြစ်ရုပ်ကြွင်းများထက် နှစ်ပေါင်း (၆)သန်းခန့်နောက်ကျသည်။ ဘုံဘိုးဘွားများကို လွန်ခဲ့သော နှစ်ပေါင်း (၁၈)သန်းခန့်တွင် ရှာဖွေနိုင်ပါသည်။

## ယူနန်တောရိုင်းတိရစ္ဆာန်ရုံတွင် “ကြက်ရာချီနှစ်ကူးကြို”ပြသခဲ့



ယခုရက်ပိုင်း၌ ယူနန်တောရိုင်းတိရစ္ဆာန်ရုံတွင် ပထမဆုံးအကြိမ် ကမ္ဘာ့နာမည်ကြီး ကြက်ပြပွဲကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ တိရစ္ဆာန်ရုံအတွင်းတွင် ထူးခြားသော “ကြက်ရာချီ နှစ်ကူးကြို” ပြပွဲကို ပြသခဲ့သည်။ တရုတ်နှစ်သစ်ကြက်နှစ်ကို ကြိုဆိုရန်အတွက် ယူနန်တောရိုင်း တိရစ္ဆာန်ရုံသည် ရှားပါးတိရစ္ဆာန်ဇုန်တွင် ကမ္ဘာအနှံ့အပြားမှ တန်ဖိုးကြီးကြက်မျိုးစုံကို ပြသခဲ့ရာ အကောင်ပေါင်း (၃၀၀) အထိ ပြသခဲ့ဖြစ်ကြောင်း သိရပါသည်။

ထိုနေ့တွင် ယူနန်တောရိုင်းတိရစ္ဆာန်ရုံတွင် “ တရုတ်နှစ်ကိုယ်စားပြုသော တိရစ္ဆာန်လွှဲအပ်ခြင်း အခမ်းအနား”ကို ထုံးစံအတိုင်း ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်ကို ကိုယ်စားပြုသော မျောက်နှင့် ၂၀၁၇ ခုနှစ်ကို ကိုယ်စားပြု သောကြက်သည် ခြံဇုန်တွင်တွေ့ဆုံပြီး ဝန်ထမ်းများမှ ဦးဆောင်ကာနေရာရွှေ့ပြောင်းခဲ့ရာ နှစ်သစ်ကူးကို ကြိုဆိုခဲ့သည်။ အခမ်းအနားတွင် ကြက်ပြိုင်ပွဲ၊ သကြားလူပုံဆွဲ၊ မှုန့်ဖြင့်လူရုပ်ပုံလုပ်သည့် အစီအစဉ်များ ဖြင့်စည်ကားနေကြသည်။ ယူနန်တောရိုင်းတိရစ္ဆာန်ရုံ၏ “ကြက်ကမ္ဘာ” အစီအစဉ်သည် ထိုရက်မှစပြီးနှစ်ဆန်း(၇)ရက်နေ့ထိ ကျင်းပခဲ့ကြောင်းသိရသည်။ နှစ်သစ်ကူးကာလတွင် ယူနန်တောရိုင်းတိရစ္ဆာန်ရုံတွင် ကမ္ဘာ့အနှံ့အပြားမှ တန်ဖိုးကြီး ကြက်အမျိုးအစားများကို ကြည့်ရှုနိုင်သည်သာမက ကြက်ပြိုင်ပွဲ၊ မျောက်ကြက်နေရာ ပြောင်းရွှေ့ပွဲစသည့် အစီအစဉ်များကိုလည်း ကြည့်ရှုကြကာ မတူသော ကြက်နှစ် ယဉ်ကျေးမှုကို ခံစားနိုင်ခဲ့သည်။

သတင်းထောက် - စူးဝိမ်